# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# ၂၅ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၄–၃–၂၀၁၄ ] (သောကြာနေ့) ၁၀၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသိန်းအောင်၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့ရှိ သေမင်းတမန် ပြတိုက်သည် ပျောက်ကွယ်လုနီးပါးဖြစ်နေပါသဖြင့် ပြန်လည်မွမ်းမံပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ယင်းမာပင်မြို့နယ်ရှိ မြောက်ယမား တိုးရဲ့လက်ဝဲတူးမြောင်းစီမံကိန်းမှာ မည်သည့်ကာလတွင် ပြီးစီးမည်နှင့် မည်သည့်လမှစ၍ ရေပေးဝေနိုင်မည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **မင်္ဂလာဒုံမြို့နယ်တွင် မြို့နယ်အားကစားကွင်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **မန္တလေးမြို့ရှိ ခုတင်(၁၀၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအား (၁၅၀၀)ဆံ့ စံကိုက်ဆေးရုံကြီးအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အမရပူရ ပြည်သူ့ဆေးရုံအား ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံအဖြစ် တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်၏ **လေရှီးမြို့နယ်နှင့် ဆွမ္မရာမြို့နယ်ခွဲ ပြည်သူ့ဆေးရုံတို့တွင် ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်း ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးမောင်မောင်စိုး၊ သာကေတ မဲဆန္ဒနယ်၏ **ပြည်သူ့ဆေးရုံကြီးများသို့မဟုတ် သင့်တော်ရာ နေရာများတွင် ပြီးပြည့်စုံစွာ အခြေရရှိမည့် ဓာတ်ခွဲခန်းများကို နိုင်ငံတော်မှ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ (က) ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက **“ အမျိုးသားပညာရေး ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း နှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

(ခ) ပညာရေးဝန်ကြီးဌာနက **“ အမျိုးသားပညာရေး ဥပဒေကြမ်း”** ကို တင်သွင်းခြင်း။

၇။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက **“ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း။

၈။ **“၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

၉။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက တင်သွင်းသည့် **“ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။